
နေလိုအချစ် မာနသစ္စာ

# အခန်း (၁)

"အဲဒီလိုတော့ မလုပ်ပါနဲ့ သမီးရယ်၊ သမီးက မေမေ့ကို မကျေနပ်လို့လားဟင်"

"မဟုတ်ပါဘူး မေမေ၊ မေမေ့ကို အရှုံးမဲ့ နားလည်ပါတယ်၊ မေမေဟာ အသက်ငယ်ငယ်လေးနဲ့ မိဘတွေသဘောတူတဲ့ ဖေဖေနဲ့ လက်ထပ်ခဲ့ရတယ်၊ လက်ထပ်ပြီး ကျောင်းဆက်တက်လို့ ဒေါက်တာ ခင်နှင်းသက်ဖြစ်ခဲ့ရတယ်၊ အဲဒီထဲမှာ ချစ်တဲ့ သူနဲ့ ပါ လွဲခဲ့ရတယ်ဆိုတာလည်း အရှုံးမဲ့ သိနေတာပဲ၊ အရှုံးမဲ့ မွေးပြီးကတည်းက မုဆိုးမဘဝနဲ့ ရပ်တည်နေလာခဲ့ရတဲ့ မေမေ့ရဲ့ အထီးကျန်မှုကို အရှုံးမဲ့ စာနာပေးနိုင်ပါတယ် မေမေ"

"ဒါဆို သမီးက မေမေနဲ့ ဘာဖြစ်လို့ မနေချင်တာလဲ"

အရှုံးမဲ့က အဖျားလေးတွေ အနည်းငယ်တွန့်ကုတ်နေသော ပခုံးထက်က ဆံပင်လေးကို လက်တစ်ဖက်နှင့် သပ်တင်လိုက်လျက်...

"မေမေက လှတယ်၊ သုံးဆယ့်ရှစ်နှစ်ဆိုတာ နုပျိုဆဲအရွယ်ပါ၊ မေမေ့ချစ်သူနဲ့ မေမေ လက်ထပ်မှာ ကို အရှုံးမဲ့ ကြည်ဖြူပေးနိုင်ပေမဲ့ လောလောဆယ် အရှုံးမဲ့ ဖေဖေမဟုတ်တဲ့ မေမေ့နားမှာ ဒီ့ပြင်ယောကျ်ားတစ်ယောက် မြင်လာမှာ ကိုတော့ ချက်ချင်း ကြည်ဖြူပေးဖို့ မလွယ်သေးဘူး မေမေ"

"သမီးရယ်..."

"အရှုံးမဲ့ ဘွားဘွားတို့ ပိတ်ထားခဲ့တဲ့ 'ချစ်ရိပ်မြို'မှာ ပဲ ကြီးကြီးသန်းနဲ့ သွားနေပါရစေ၊ လက်ထပ်ပြီးကာစ မေမေတို့ လည်း လွတ်လပ်မယ်၊ အရှုံးမဲ့လည်း ..."

"သမီးရဲ့ ခံစားချက်ကို မေမေနားလည်ပြီ၊ ဒါပေမဲ့ မေမေ စိတ်တော့ မကောင်းဘူး သမီးရယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့ မေမေ၊ အသားကျသွားတဲ့ အခါ အားလုံး အေးချမ်းသွားမှာ ပါ၊ အရှုံးမဲ့ စိတ်ဆိုးလို့ သွားမှာ မှ မဟုတ်ဘဲ၊ ဘွားဘွားတို့ ကလည်း အဲဒီတိုက်ကြီးကို ငှားမလို့ လုပ်နေတာ၊ ခု ကြီးကြီးသန်းနဲ့ အရှုံးမဲ့ နှစ်ယောက်တည်းနေမှာ ကိုတောင် စိတ်မချဘူး တဲ့ "

"ခက်တာပဲ သမီးရယ်၊ အဲဒါကို မေမေလည်း စိတ်မချဘူး၊ ကိုခန့်က လည်း သူနဲ့ လိုက်နေဖို့ ပြောတာ၊ မေမေက ကိုယ့်အိမ်ကိုယ့်ယာကို စွန့်မ သွားချင်လို့ သူ့ကို ဒီမှာ လာနေဖို့ ပြောလိုက်မိတယ်၊ သမီး အဲဒီလို အတူ နေချင်တဲ့ ဆန္ဒမရှိမှန်းသိရင် မေမေ..."

"အဲဒီလိုမဟုတ်ပါဘူး မေမေ၊ သူ့နောက်ကိုလိုက်သွားရင် အရှုံးမဲ့က ထားရစ်ခံခဲ့ရမဲ့သူပါ၊ အဲဒါက ပိုဆိုးပါတယ် မေမေ၊ အခုက အခိုက်အတန့်လေးရယ်ပါ၊ ကြီးကြီးသန်းဆိုရင် မိဘလိုပါပဲ၊ အရှုံးမဲ့ ဘယ်မှာ ဖြစ်ဖြစ် နေရဲပါတယ်"

ဒေါက်တာ ခင်နှင်းသက်...

ဒူးဒေါက်ခွပ်ထိရှည်သော ဆံနွယ်တွေကို ဖြန့်ချထားသဖြင့် အစိုဓာတ်ရှိနေသေးသည့် ခေါင်းလျှော်ရည်ရနံ့က သင်းသင်းလေး လှိုင်နေသည်

။

ဝင်းမွတ်ကြည်စင်နေသော အသားရောင်လေးက သနပ်ခါးရေကျဲလေး တင်ထားသဖြင့် ပို၍ ဝင်းနေ၏။

မေမေဟာ ငယ်စဉ်က ဓာတ်ပုံတွေထဲမှာ ထက် ပို၍ ကျက်သရေရှိကာ ကျော့၍ လှပနေသလိုပါ။

မေမေ့ကို အရှုံးမဲ့ နှမြောတယ်။ သူမ စွန့်ခွာထားရစ်ခဲ့တဲ့ အခါ အထီးကျန်စွာ နေခဲ့ရပါဦးမည်။

ထို့ကြောင့် မေမေရဲ့ နုပျိုလှပစဉ် အချစ်နဲ့ ပျော်ရွှင်လိုမှုကို သူမ နားလည်ပေးခဲ့ခြင်း ဖြစ်ပါသည် ။

အရွယ်လွန်အိုမင်းပါမှ မေမေ အထီးကျန်တဲ့ အခါ ထိုကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ခဲယဉ်းပါလိမ့်မည်။

မေမေ သူ့ရဲ့ ချစ်သူ ဦးခန့်တည်နဲ့ ပျော်ရွှင်စွာ လက်တွဲပါစေ။

"သူဟာ မေမေ့ထက် ကံဆိုးပါတယ် သမီးရယ်၊ ဆင်းရဲတဲ့အဖြစ်ကြောင့် သူ့ မေမေ့ကို စွန့်လွှတ်ခဲ့ရပြီး သူဌေးသမီးနဲ့ အိမ်ထောင်ကျတော့လည်း မိဘပေးစားလို့ ယူလိုက်ရပေမဲ့ သူက မချစ်တော့ အိမ်ထောင်ရေး မသာယာဘူး၊ အဲဒီမှာ ပဲ မိန်းမက သူ့ကို ငွေမက်လို့ ယူပါတယ်ဆိုပြီး ပြဿနာရှာတော့ မခံချင်ဖြစ်ပြီး သူ့အားနဲ့ သူ စီးပွားရှာတယ်၊ သိပ်ကို ကြိုးစားပြီး အပင်ပန်းခံခဲ့တာ၊ ရန်ကုန်နဲ့ မန္တလေးက ဝေးပေမဲ့ မေမေ သူ့သတင်းတွေကို အားလုံးကြားနေရတယ်"

မေမေက ဦးခန့်တည်က လက်ထပ်ချင်တဲ့ အကြောင်း စေ့စပ်လာမှ ဒီအကြောင်းတွေ အရှုံးမဲ့ကို ပြောပြခဲ့တာဖြစ်သည် ။

"သူလည်း မေမေ့လိုပဲ သားတစ်ယောက်မွေးပြီး

အိမ်ထောင်ပျက်သွားတယ်၊ သူ့မိန်းမကတော့ နောက်အိမ်ထောင် ထပ်ပြုသွားတယ်လို့ ပြောတာပဲ၊ သူက သူ့သားကိုသူလက်ဆွဲပြီး မိန်းမ ရဲ့ စည်းစိမ်ဥစ္စာနဲ့ လုံးဝမပတ်သက်ဘဲ အခုလို သူ့လက်သူ့ခြေနဲ့ သူဌေးကြီး ဦးခန့်တည် ဖြစ်လာတဲ့ ဘဝကို ကြိုးစားခဲ့တာပေ့ါ"

ဦးခန့်တည်ကလည်း ဦးတပ်ခေါ်နေရသော်လည်း မေမေ့လိုပဲ နုပျို ချောမောဆဲ လူကြီးပင် ဖြစ်သည်။

သူတို့ နှစ်ယောက်ရဲ့ မပြတ်သားခဲ့ကြတဲ့ သံယောဇဉ်တွေကို အရှုံးမဲ့ အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချ၍ မဖျက်ဆီးချင်ပေ။

"ဦးခန့်တည်တို့ က ဒီကို ဘယ်တော့ရောက်လာမှာ လဲ မေမေ"

"သူနဲ့ သူ့ဒရိုင်ဘာပဲ ရောက်လာမှာ ၊ သူ့သားက နေမှာ မဟုတ်ဘူး ၊ ဟိုမှာ လည်း လုပ်ငန်းတွေရှိသေးတော့ ချက်ချင်း ရောက်လာကြဦးမှာ မ ဟုတ်ပါဘူး"

"ဒါပေမဲ့ အရှုံးမဲ့ကတော့ ပြောင်းထားနှင့်မယ် မေမေ၊ အဲဒါ မေမေပဲ ကောင်းအောင် ကြည့်ပြောပေးပါ"

သမီးလေး သူမကို ခွင့်လွှတ်ခဲ့ရှာပေမဲ့ ထိခိုက်ခံစား နေရရှာတာကို သိနေသဖြင့် ဒေါ်ခင်သက်နှင်း စိတ်မကောင်းနိုင်ပေ။

ဒါပေမဲ့...

နှစ်နှစ်၊ သုံးနှစ် အချိန်ယူဆုံးဖြတ်နေဖို့ ကလည်း ကိုယ့်အရွယ်တွေ အသက်တွေက ဒီအတိုင်း ရှိနေခဲ့မှာ မဟုတ်။

သမီးပြောခဲ့သလို အားလုံး အေးချမ်းသွားမဲ့အချိန်ကိုပဲ စောင့်ရမည် သာ...။

******

# အခန်း (၂)

"ဘယ်လိုမှ စောင့်မနေနိုင်တော့ဘူး ကြီးသန်းရယ်၊ အဲဒီအချိန်ကို အရှုံးမဲ့ ကြည့်မနေချင်ဘူး၊ မေမေ့ကို သူတစ်ပါးရင်ခွင်ထဲ ထည့်ပေးရပြီ ဆိုတဲ့ စိတ်နဲ့ အရှုံးမဲ့ မခံစားနိုင်ဘူး"

ပြောရင်း အရှုံးမဲ့က မျက်ရည်ဝဲသည် ။

"ဒါဆိုလည်း မယူပါနဲ့ မေမေရယ်လို့ တားလိုက်ပါလား ကလေး၊ နှင်းကဖြင့် ညည်းလေး ပါးစပ်ဟလိုက်တာနဲ့ နောက်ဆုတ်ပြီးသား ဖြစ်သွားမှာ ပါ၊ ခုလည်း သူ့ခမျာ သူ့ဆန္ဒကိုလည်း မလွန်ဆန်နိုင်၊ သမီးဖြစ်သူကိုလည်း တကြည့်ကြည့်နဲ့ ဒါတွေဖြစ်ခဲ့တာ၊ ညည်း သဘောတူခဲ့လို့ ဖြစ်တာပဲ"

"ဟုတ်ပါတယ်၊ မေမေ့ဘက်ကကြည့်တော့လည်း သူ့ရဲ့ နုပျိုလှပခြင်းတွေကို နှစ်တွေအများကြီး မြှုပ်နှံထားခဲ့ရရှာတာ၊ ဖေဖေဆုံးသွားတာ အရှုံးမဲ့အသက်နဲ့ အတူပဲဟာ"

"ဟုတ်ပါတယ်အေ၊ နှင်းဟာ ယောကျ်ားရတော့ ကံကောင်းပါတယ်၊ ဘယ်နှစ်နှစ်မှ မမှီခိုလိုက်ရဘူး၊ နှစ်ဖက်မိဘ အမွေအနှစ်တွေကို တိုးပွားအောင် စွမ်းဆောင်နိုင်ခဲ့တယ်၊ ဘာတစ်ခုမှ မဖြုန်းတီးခဲ့တာ၊ သူ့ကို ချီးမွမ်းရမှာ "

"ဟုတ်တယ်၊ အဲဒါဖြင့် တစ်ယောက်တည်း ရုန်းကန်ခဲ့ရတဲ့ မေမေ့ကို

အရှုံးမဲ့ သနားတာ၊ မေမေ့ရဲ့ မောပန်းမှုတွေကို ချွေးသိပ်စေချင်တာ၊ ဘာပဲဖြစ်ဖြစ် အရှုံးမဲ့က တစ်နေ့နေ့ဆိုတဲ့ အချိန်မှာ မေမေ့ကို ထားခဲ့မှာ ပဲလေ"

ဒေါ်သန်းသန်းက အိမ်ကြီးထဲမှ ခန်းဆီးတွေလိုက်တပ်ရင်း ပြုံး၍ ငုံ့ကြည့်သည်။

"ပြောပြီ တွေ့လား၊ ခုတည်းက ယောက်ျားယူဖို့ က စကားရှိနေပြီ"

"မဟုတ်ပါဘူး၊ အခုမယူပေမဲ့ တစ်ချိန်ဆိုတာ ပြောလို့ ရမလား ကြီးသန်းရဲ့ .."

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကျောင်းပြီးတဲ့ အထိ ရည်းစားမထားခဲ့ဘဲ ယောက်ျားယူဖို့ ကလည်း ကျုပ်တို့ ကူမှ ဖြစ်နိုင်မယ်ဆိုတာ သိပါတယ်"

အရှုံးမဲ့က နှုတ်ခမ်းလေးမဲ့၍ ဆက်တီခုံများ ခင်းမည့် ဇာပါးလေးကို ပြန်ကြည့်နေသည်။

"ယောက်ျားယူတာများ ၊ မိဘအားကိုးစရာလား ကြီးသန်းရဲ့ ၊ မိဘက ပေးစားတော့ ခပ်တုံးတုံး၊ ခပ်နုံနုံ ကိုယ်ပြောသလို ခေါင်းညိတ်ရုပ်ကြီး ဖြစ်နေတော့လည်း ပျင်းစရာကြီး"

"ရိုးသားတာပဲ မကောင်းဘူးရှိရတယ်လို့ "

"တချို့ကျတော့လည်း မိဘကတော့ ဆင်စီးပြီး မြင်းရံတာ မြင်ချင်လို့ ဟိုဘက်က မိဘအရှိန်အဝါနဲ့ အထင်ကြီးပြီး ပေးစားလိုက်တာ၊ ကိုယ်လက်ထပ်လိုက်ရတာကြီးက ပွေပွေရှုပ်ရှုပ်ကြီး ဖြစ်နေတာ၊ အဲဒါတွေ ဘယ်လိုလုပ်မလဲ"

"ဒါဆို ညည်းလေးက ကိုယ့်ဟာကိုယ်ရှာမယ်ပေါ့"

"ရှာဖို့ လည်း မလိုပါဘူး၊ ယောကျ်ားတစ်ယောက်ဟာ ကိုယ့်အတွက် မရှိမဖြစ် လိုအပ်နေတာမှ မဟုတ်တာ၊ ကိုယ့်နှလုံးသားက တကယ်တမ်း လိုအပ်လာတဲ့ အခါ အလိုလိုဖြစ်လာမှာ ပဲ"

"ဟုတ်ပ.. ဟုတ်ပ"

"အန်တီ.. ဆက်တီခုံတွေပါ လဲပေးခဲ့ရမလား"

အိမ်မှာ ပစ္စည်းတွေ သယ်ချပြောင်းရွှေ့ပေးနေသော မေမေ ထည့်ပေးလိုက်သည့် အလုပ်သမားသုံးယောက်က အားလုံးပြင်ဆင်ပြီးတော့မှ သူတို့ ရှိနေသည့်နေရာကို လာမေးသည် ။

ဒေါ်သန်းသန်းက အရှုံးမဲ့ကိုကြည့်ရင်း....

"မလဲတော့ဘူး၊ မလဲတော့ဘူး"

ပြော၍ ပရိဘောဂတွေ နေရာချထားသည့်ဆီကို လှည့်ပတ်ကြည့်ကာ

"ရပြီ... ရပြီ၊ ကျန်တာ အရှုံးမဲ့တို့ ပဲ ဆက်လုပ်တော့မယ်"

"ဒါဆို ကျွန်တော်တို့ ပြန်လို့ ရပြီလား"

"ဟုတ်ကဲ့... ရပါပြီ"

ဘွားဘွားတို့ က ခြံနဲ့ တိုက်ကြီးကို ဝယ်ထားပြီး အနည်းငယ်ပြုပြင်ကာ သော့ခတ်ပိတ်ထားခဲ့ခြင်း ဖြစ်သည် ။

အချိန်မရွေး ခြံတံခါးပိတ် အေးဆေးနေကာ ထိုင်ခုံပေါ်မှ မဆင်းတတ်သော ဘွားဘွားက အရှုံးမဲ့ကိုလည်း တုန်နေအောင် ချစ်ပေမဲ့ လက်ပွန်းတတီးကြီး သိပ်မနေပေ။

ဘိုးဘိုးက ဘွားဘွားကို ကမ်းကုန်အောင် အလိုလိုက်သည် ။

ဘွားဘွားက နဂိုကတည်းက မာနကြီးသည် ။

မေမေ့ကို မွေးခဲ့တာတောင်မှ မေမေက မအေ့လက်ပေါ်မှာ သိပ်မရှိဘဲ ဖအေ့လက်ပေါ်မှာ ပဲ ရှိခဲ့တာဟု ဘွားဘွားက ပြန်ပြောပြ၍ အရှုံးမဲ့ကို ချစ်ပေမဲ့ အနားကပ်မခံချင်တာကို ရှင်းပြခဲ့သည် ။

ဘွားဘွားက ကလေးကျတော့ ချေးသေးကြောက်သည် ။

ကြီးတဲ့ ကလေးကျတော့လည်း နားညည်းတာကို သည်းမခံချင်ပါတဲ့ ။

ဒါပေမဲ့ ဘွားဘွားက အရှုံးမဲ့ကို ဦးစားပေးခဲ့သည် သာ…။

******

# အခန်း (၃)

"ဘာတဲ့ လဲ ကို"

ဦးခန့်တည်က ဖုန်းကို အသာချ၍ အနားလာထိုင်ကာ...

"သားက ဒီမှာ မနေချင်ဘူးတဲ့ ၊ ကိုယ့်သဘောက ရန်ကုန်မှာ နေမဲ့အတူတူ ဒီမှာ ပဲ လာနေစေချင်တာ။ ဟိုကလုပ်ငန်းတွေအားလုံးလည်း လက်စဖြတ်ပစ်ခဲ့ပြီးပြီ၊ သူကိုယ်တိုင် ဟိုးအရင်ကတည်းက မန္တလေးမှာ မနေချင်တာ၊ သူ့အမေနဲ့ ပတ်သက်ပြီး ပြဿနာလေးရှိထားတော့ သူ ရန်ကုန်ဆင်းဖို့ ပဲ လုပ်နေခဲ့တာ၊ ကိုယ်တားထားလို့ "

ဦးခန့်တည်က ပင့်သက်ရှိုက်လျက်...

"သားက မာနကြီးတယ်၊ စိတ်ဆတ်တယ်၊ သူ့အမေက အပြောရိုင်းတယ်၊ မကြင်နာတတ်ဘူး၊ သူတို့ သားအမိ သိပ်အဆင်မပြေဘူးလေ၊ အဲဒါကြောင့် သူ မန္တလေးက ထွက်မှာ ပဲဆိုတာသိပြီး သူ့အတွက် ရန်ကုန်မှာ ကိုယ် ခြံနဲ့ တိုက်ဝယ်ဖို့ စီစဉ်သေးတယ်၊ အဲဒါလည်း လက်မခံဘူး"

"သူက သူငယ်ချင်းတွေနဲ့ နေချင်တာမျိုးလား"

" မဟုတ်ဘူး နှင်းရဲ့ ၊ သားက ငယ်ငယ်ကတည်းက မိဘနှစ်ပါးရဲ့ အဆင်မပြေမှုတွေကို သူ ရင်ဆိုင်ခဲ့ရတာ၊ သိပ်ဂုဏ်မောက်တဲ့ သူ့အမေပါးစပ်က စကားလုံးတွေကို အမြဲကြားလာရပြီး မိဘကိုတောင် သူ အားမ

ကိုးချင်တော့တာ၊ ဘွဲ့ရပြီးကတည်းက ရန်ကုန်က စီးပွားရေးလုပ်ငန်းခွင်ထဲမှာ အဆက်အသွယ်တွေ ရှာနေခဲ့တာလေ၊ သားက ကိုယ့်လိုပဲ မာနကြီးတယ်၊ ကြိုးစားတယ်"

"ဒါတွေ ဟုတ်ရဲ့ လား ကိုရယ်၊ နှင်းနဲ့ လက်ထပ်တာကိုများ ..."

"ဟာ... အဲဒါ လုံးဝ မဟုတ်ဘူး ၊ သူ ကိုယ့်အိမ်ထောင်ရေးကို ဖြူသည် ၊ မည်းသည် ဘာမှ မပြောဘူး၊ သူ့အမေအကြောင်း သူသိတယ်၊ ကိုယ့်ကိုလည်း သူ နားလည်တယ်"

"အင်းပေါ့လေ.. သမီးတောင်မှ ဒီမှာ မနေချင်လို့ ထွက်ခွာသွားသေးတာပဲ၊ အဲဒါကိုရော ကို့စိတ်ထဲမှာ တစ်မျိုးမြင်လားဟင်"

ဦးခန့်တည်သည် ဒေါ်ခင်နှင်းသက် လက်ဖဝါးလေးကို တယုတယ ဆုပ်ကိုင်ကာ...

"ကိုယ့်အတွက်မှာ နှင်းမျက်နှာကလွဲလို့ ဘာဆို ဘာမှ အရေးမကြီးဘူး၊ တကယ်လို့ သားနဲ့ သမီးက ကန့်ကွက်ကြမယ်ဆိုရင်တောင် ခုချိန်မှာ နှင်းကသာ ခေါင်းညိတ်ရင် ကိုယ် အားလုံးကို ကျော်ဖြတ်မှာ ပဲ၊ အသက်ကြီးလာပေမဲ့ စိတ်ကတော့ ဇွတ်တရွတ်ဆန်ချင်တုန်းပဲ နှင်းရယ် ၊ ကိုယ် တစ်ခါခွဲခဲ့ရပြီးပြီ၊ ကြောက်နေပြီ တကယ်"

ဒေါ်ခင်နှင်းသက်က မပွင့်တပွင့်လေး ပြုံး၍ မျက်လွှာချသွားသည် ။

"ဒါပေမဲ့ သမီးကိုလည်း ကိုယ့်သမီးလေးလိုပဲ အလိုလိုက် နားလည်သွားမှာ ပါ၊ နှင်းအေးဆေးနားတော့၊ အပြင်ဆေးခန်းတွေ လိုက်မထိုင်နဲ့ နှင်းရယ်၊ ကိုယ်ရှိနေမှ နှင်း ဒီလောက်ရှာဖို့ မလိုပါဘူး"

"ယောက်ျားပြန်အလာကို အိမ်ကနေ ထိုင်စောင့်နေရမဲ့အဖြစ်ကြီးကိုလည်း နှင်းမလိုချင်ပါဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်ကြတာပဲ ကောင်းပါ

တယ်"

"ဘယ်ဟုတ်မလဲ နှင်းရယ်၊ ကိုယ်က အနားယူတာနဲ့ နှင်းကို အနားမှာ ထားပြီး အေးအေးဆေးဆေး နေချင်တာ၊ နှင်း အပြင်သွားနေတော့ ဘယ်လိုလုပ်မလဲ၊ မဟုတ်ရင်လည်း အလုပ်မလုပ်နဲ့ ကွာ၊ ကိုယ်ပြန်လာတာ ထိုင်စောင့်မနေချင်ရင် အလုပ်ထဲကို အတူသွားမယ်၊ နှင်းက ကိုယ့်အနားမှာ ပဲနေ"

ဒေါ်ခင်နှင်းသက်က အသံထွက်ရယ်ကာ…

"သူများ တွေကဲ့ရဲ့ အောင် ကိုရယ်၊ ဆယ်ကျော်သက်လေးတွေ ညားကြတာမှ မဟုတ်တာ"

"ဘယ်လိုပြောလိုက်တာလဲ နှင်းရယ်၊ ဆယ်ကျော်သက်တွေကမှ အနားမှာ ကိုယ့်ကောင်မလေးကို ဖတ်ထားပြီး မော်ဒယ်ချောချောလေးတွေကို မျှော်ကြည့်တာ ရှိချင်ရှိဦးမယ်၊ လေးဆယ်ကျော်အချစ်က သက်ရင့်ပင်အိုကြီးလိုပဲ၊ နေပျောက်မထိုးနိုင်အောင် အေးမြတာဗျ၊ ရာသီဒဏ်လည်း ခံနိုင်မယ်၊ သူများ ချိုးယူ ဖျက်ဆီးရုံနဲ့ ပဲ ပျောက်ဆုံးမသွားနိုင်ဘူး၊ အမြစ်က ခိုင်မြဲပြီးသား"

"ကေန္တ နှင်းကို ကဗျာတွေစပ်ပြီး ရှာကျွေးတော့မယ် ထင်တယ်"

"အဲဒါဆို ပိုကောင်းတာပေါ့၊ နှင်းမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ကဗျာတွေစပ်၊ သီချင်းတွေရေး…"

"တော်ပါ"

နှစ်ဦးလုံးရင်မှာ နှစ်များ စွာ ပူလောင်ခဲ့ရသမျှ ကြည်နူးငြိမ်းချမ်းစွာ ရယ်မောဖြစ်ကြရင်း သားတွေ၊ သမီးတွေကို မိနစ်များ စွာ မေ့သွားခဲ့ကြသည် ။

အချစ်ရဲ့ ဖမ်းစားခြင်းလား....

******

# အခန်း (၄)

"ဟယ်.. နင်တို့ နှစ်ယောက်တည်းနဲ့ တိုက်ကြီးက အကြီးကြီးပဲ၊ မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ အပေါ်ထပ်ကို ဒီတိုင်းပဲ ပိတ်ထားတာ၊ ငါတို့ က အောက်မှာ ပဲ နေတာဥစ္စာ"

သစ္စာက ပခုံးလေးကျုံ့ကာ

"ကြောင်လိုမ်လှေကားကြီးကလည်း အကြီးကြီး၊ အမြင့်ကြီး၊ ဒီလောက်တိုက်ကြီးနဲ့ ငါဆို နေရဲမှာ မဟုတ်ဘူး "

"အေးလေ..."

"သြော်... ပျင်းလို့ သူတို့ ကို ဖုန်းဆက်ခေါ်မိပါတယ်၊ သူတို့ ကြောင့်ပဲ ငါက သွေးတက်သေရဦးမယ်"

သစ္စာနှင့် သဥ္ဇာက သူတို့ စကားသူတို့ သဘောကျကာ ခိုးခိုးခစ်ခစ် ရယ်ကြသည် ။

"လုံလုံ.. လာစမ်းပါဟယ်၊ နင်ကလည်း "

အမြီးအတော်ရှည်ကာ အမွေးဖြူဖြူလေးတွေ ထောင်နေသော ကြောင်လေးက ရှိတတ်ကြသည့် အရွယ်တွေထက် ပိုမိုဖွံ့ထွားကာ ဝါရွှေသော မျက်လုံးလေးများ တလက်လက်နှင့် အတော်ချစ်ဖို့ ကောင်းလေသ

ည်။

သစ္စာက လုံလုံကို ပေါင်ပေါ်ကောက်ပွေ့ကာ

"လာပါ လုံမရယ်.. နင်ကတော့ နင့်သခင် ဘယ်သွားသွား လိုက်မှာ ပဲနော်၊ အပေါ်ထပ်ကို မသွားနဲ့ သိလား"

ကြောင်ကို သေချာမှာ နေပုံက ကလေးငယ်တစ်ဦးကို ပြောရဆိုရခက်စဉ် အံကြိတ်ပြောနေသလိုမျိုး ဖြစ်နေသဖြင့် သဥ္ဇာက သစ္စာမျက်နှာကို ငုံ့ကြည့်၍

"ကြောင်အပေါ်တက်တော့ ဘာဖြစ်မှာ မို့လို့ လဲ"

"ဘာဖြစ်ရမှာ လဲ၊ လန့်မှာ စိုးလို့ ပါ၊ တိရစ္ဆာန်ဆိုတာ ဘာမဆို မြင်ရတယ်တဲ့ ၊ ငါ့လုံလေး လန့်မှာ စိုးလို့ "

သစ္စာက လုံလုံကို ပွေ့ဖက်၍ ပါးနဲ့ ကပ်ထားရင်း ပြောသည်။

"နင်ပြောပုံကလည်း ဟယ်၊ တော်ကြာ အရှူးမဲ့ မနေရဲဘဲ ဖြစ်နေဦးမယ်"

"သူလား မနေရဲမှာ ၊ မနေရဲလည်း မနေရဲဘူးလို့ ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး ၊ တမင်ကို ပြောနေတာ"

အရှူးမဲ့က ရယ်သံစွက်လျက်...

"လုံးဝမကြောက်ဘူး၊ ကြိုက်သလိုပြော၊ အရှူးမဲ့ကတော့ အနားမှာ မေမေ သို့မဟုတ် ကြီးသန်း တစ်ယောက်ယောက်ရှိနေရင် ဘယ်မှာ ဖြစ်ဖြစ် နေရဲတယ်"

"တစ်ယောက်တည်းတော့ မနေရဲဘူး ဟုတ်လား"

"ဒါက မသင့်တော်တဲ့ နေရာတွေ ရှိတယ်လေ၊ ကိုယ်က မိန်းကလေး

"

"ကဲ ကဲ.. ရန်လည်း ဖြစ်ကြ၊ ရော့.. ကြောင်လျှာပွင့်သုပ်ကလေးလည်း စားကြဦး"

"ဒေါ်သန်းသန်းက ဇွန်းသုံးချောင်းတပ်၍ အသုပ်ပန်းကန် ဘေးချပေးသည် ။

"အရှုံးမဲ့.. ဒီမှာ တယ်လီဖုန်းရှိလား"

"ရှိတယ်"

"ငါ ကိုအောင့်ဆီ ဆက်ချင်လို့ "

"ဘာလုပ်ဖို့ လဲ.. မဆက်နဲ့ "

အရှုံးမဲ့က မျက်နှာလေးကို စူပုပ်ထား၍

"နင်ကလည်း ... သနားပါတယ် အရှုံးမဲ့ရယ်၊ သူ့ကို ဖွဲ့ဆုတောင် ပေးသင့်နေပြီ သိလား... ဒုတိယနှစ်ကတည်းက ခုချိန်ထိ နင်မှ နင်"

"ငါ ယောကျာ်းတစ်ယောက်ကို သနားပြီး မချစ်ချင်ပါဘူး၊ ယောကျာ်းဆိုတာ ဘာမဆို မိန်းမထက် သာနေရမှာ ... ကိုယ်အထင်ကြီးလို့ မရတဲ့ ယောကျာ်းကို ဘယ်လိုချစ်မလဲ"

"ဝင်းထွတ်အောင်များ ဘာများ လိုလေသေး ရှိလို့ လဲ"

"ဘာမှ မရှိပေမယ့် ငါမှ မချစ်တာ.. ဒါပေမဲ့ သနားသလိုတော့ ဖြစ်ပါတယ်"

"အချစ်ဆိုတာ သနားတာက စတာပဲ"

"အေးလေ... ဒါဆို နင်က နင့်အမေ သဘောတူတယ်ဆိုတဲ့ သင်္ဘောကပ္ပတိန်ဆိုတဲ့ လူကြီးကို သဘောကျနေလို့ လား"

"တေဇကျော်လား"

"ဟုတ်တယ်.. ဟိုကတော့ ခပ်ကြွကြွ ခပ်မိုက်မိုက် အထင်များ ကြီးသွားပြီလားလို့ "

ကျောင်းမှာ ကတည်းက မြင်တွေ့လာခဲ့ကြရသည့် ဝင်းထွတ်အောင် အပေါ် စေတနာတွေပိုနေကြသော သဥ္ဇာတို့ ကို အရှုံးမဲ့က ပြုံးကြည့်ကာ

"နေပါဦး ဟိုတစ်ယောက်က ဘာတွေဖြစ်နေလို့ လဲ"

"ရောဂါတွေ သည်းနေတာပေ့ါ"

"ငါ သူ့ကို အရင်လို ဆက်ဆံခဲ့တာမှ မဟုတ်ဘဲ... အပေါင်းအသင်းမိတ်ဆွေလို ခေါ်ပြောခဲ့တာပဲ"

"အမလေး.. ဟိုက အပေါင်းအသင်း မိတ်ဆွေ ဖြစ်ချင်တာမှ မဟုတ်တာ... ရှင့်လက်ကလေးကို ဆွဲပြီး ဒါ ငါ့ရည်းစားလို့ ကြွေးကြော်ချင်တာ "

သဥ္ဇာက အရှုံးမဲ့ လက်ကလေးကိုဆွဲ၍ လမ်းလျှောက်ဟန် လုပ်ပြသဖြင့် အားလုံး ရယ်မိကြသည် ။

ထိုစဉ် သဥ္ဇာ့မျက်လုံးတို့ က ခြံဝသို့ရောက်ကာ

"ဟယ်.. ဟိုမှာ အငှားကားတစ်စီး ဝင်လာတယ်ဟဲ့..."

"အေး... ဟုတ်တယ်၊ ခြံမှားပြီးဝင်လာတာ ထင်တယ်"

အရှုံးမဲ့ နောက်လှည့်ကြည့်ကာ ဖျတ်ခနဲ ထရပ်လိုက်၏။ ပါပလစ်ကာ နောက်ဖွင့်ကလေး ဖြစ်သည် ။

ကားပေါ်မှာ ဆက်တီတစ်စုံနှင့် တီဗွီ၊ အောက်စက်၊ ဘောက်(စ်)များ ပါ ပါသည် ။

ကားရှေ့ခန်းမှာ မောင်းသူနှင့် လူရွယ်တစ်ယောက်...

အရှုံးမဲ့တို့ သုံးယောက် တံခါးနားမှာ စုပြုံရောက်သွား၏။

ကားစက်သံကြားတာကြောင့် ဒေါ်သန်းသန်းပါ နောက်က ရောက်လာ၏။

"ဘယ်သူလဲ သမီး"

"မသိဘူးလေ"

ကားလေးက သူတို့ အားလုံးရှေ့မှာ ပဲ ရပ်လေသည် ။

ရှေ့ခန်းက နှစ်ယောက်လုံးဆင်းလာတော့ အရှုံးမဲ့မျက်လုံးတို့ က ဆံပင်တိုကပ်ကပ်၊ ရှပ်လက်တိုပွပွနှင့် ဂျင်းဘောင်းဘီရှည် ဝတ်ထားသည့် တစ်ယောက်ထံသို့ တန်းခနဲ ရောက်သွားသည် ။

မျက်နှာမှာ ပြေပြစ်ညီညာခြင်းမရှိပေမဲ့ မျက်လုံးမျက်ခုံးကောင်းကာ အသားက ဖြူဝင်းနေသည် ။

လက်မှာ လက်စွပ်တွေ ထပ်ညပ်လျက် ဟမ်းချိန်းထူထူပိတ်ပိတ်ကြီး ဝတ်ထားသည် က မျက်စိနောက်ဖွယ်ပါ။

"ဒီမှာ သူငယ်၊ မင်းတို့ အိမ်ပြောင်းလာတာလား"

"ဟုတ်ပါတယ် အန်တီ"

ဒေါ်သန်းသန်းက အရှုံးမဲ့ကို ပြန်ကြည့်ကာ

"မင်းတို့ အိမ်မှား လာပြီ ထင်တယ်"

လူရွယ်က ပြုံး၍ အရှုံးမဲ့တို့ ကို ဘေးနားကနေ လှမ်းကြည့်၏။

ပြီးတော့ သွားတွေပေါ်အောင် ပြုံးရယ်ပြလျက်...

"အိမ်မမှားပါဘူး ခင်ဗျား၊ ခြံနံပါတ်.. ဒေါ်သီရိတင်ရဲ့ ချစ်ရိပ်မြုံဆိုတဲ့ စံအိမ်အောက်ထပ်ကို ငှားထားတာပါ။ ကြည့်ချင်သေးရင် နှစ်ဆယ်ရက်နေ့က ချုပ်ထားခဲ့တဲ့ စာချုပ်ပါ ပြပ့ါမယ်"

"ဟယ်..."

"အို... မဖြစ်နိုင်တာ"

အရှုံးမဲ့ မျက်နှာ တင်းခနဲ ဖြစ်သွားလေသည် ။

"ဒီမှာ ခြံနံပါတ်နဲ့ ဒေါ်သီရိတင်ရဲ့ ချစ်ရိပ်မြုံဆိုတာလောက်က ဘယ်သူမဆို ပြောနိုင်တာပဲ၊ စာချုပ်ကလည်း လောလောဆယ် ဖန်တီးလို့ ရတယ်၊ အခု ဘွားဘွား ရန်ကုန်မှာ မရှိဘူး၊ ဒီတော့ ရှင်တို့ ဒီနေ့ကစပြီး နောက်လေးရက်တိတိ ဒီခြံထဲကိုလာဖို့ မကြိုးစားပါနဲ့ "

"ဗျာ"

"ဘွားဘွားပြန်လာမှ ဒီကိစ္စကိုရှင်းလို့ ရမှာ ၊ အခု ကျွန်မတို့ ဘာမှလည်း မသိဘူး၊ လက်လည်း မခံနိုင်ဘူး"

"ဟာဗျာ...၊ ဒါတော့ ဘယ်ကောင်းမလဲ"

သစ္စာတို့ ရော ဒေါ်သန်းသန်းမှာ ဘာမှ ဝင်မပြောဖြစ်ကြဘဲ ရပ်ကြည့်နေကြ၏။

လူရွယ်က မျက်စိမျက်နှာပျက်ကာ ခေါင်းတင်သပ်၍ ခြံတံခါးဝဆီသို့ လှမ်းမျှော်ကြည့်သည် ။

ထိုစဉ်မှာ ပင် ဆိုင်ကယ်တစ်စီး ကွေ့ဝင်လာသည် က ဝေါခနဲ...

ခြံထဲမှာ ဘာရှိရှိ တိုက်ပစ်တော့မည့်အတိုင်း...။

ကြည့်နေဆဲမှာ ပင် ဆိုင်ကယ်က ကားနားက လူနှစ်ယောက်ကြားထဲ

မှာ သိမ့်ခနဲ ဆောင့်ခုန်လျက် ရပ်တန့်သွားလေသည်။

အရှုံးမဲ့ ဟဲလ်မက်ထဲက မျက်လုံးလက်လက်တွေကို စူးစိုက်ကြည့်နေမိသည်။ လက်မှာ လည်း ဆိုင်ကယ်စီး လက်အိတ်တွေ ပါသည်။

အဖြူစင်းတွေပါသည့် ခေါင်းစွပ်ဆွယ်တာ လက်ရှည်အနက်နှင့် ဘောင်းဘီအနက်ကို ဝတ်ထားသဖြင့် ဟဲလ်မက်ချွတ်လိုက်တော ပါးတွေရဲနေအောင် ဖြူဝင်းသော မျက်နှာက ထင်းခနဲ ပေါ်လာသည်။

နီကျင်ကျယ် ဆံပင်ရှည်ပါးပါး ကုတ်ထောက်လျက် မျက်နှာတစ်ခုလုံးမှာ စူးရဲလက်တောက်နေသော မျက်လုံးများက အထင်ရှားဆုံး ဖြစ်လေသည်။

"ဒီဂရီ... ဒီမှာ ရှင်းပါဦးကွာ၊ ငါတော့ ဘာလုပ်ရမှန်းကို မသိတော့ဘူး"

"ဘာဖြစ်လို့ လဲ"

"ဘာမှ မဖြစ်ဘူး၊ ရှင်တို့ ပစ္စည်းတွေကို ပြန်သယ်ပြီး လာရာလမ်းအတိုင်း ပြန်ကြွကြဖို့ ပြောနေတာ"

ဒီဂရီက ဟဲလ်မက်ကို ဆိုင်ကယ်လက်ကိုင်မှာ ချိတ်၍ အရှုံးမဲ့တို့ ရပ်နေသည့် လှေခါးသုံးဆင့်သို့ တက်လာသည်။

"တို့ ကို ပြန်ကြွကြဖို့ ခိုင်းရအောင် မင်းက ဒီမှာ ဘာလဲ"

"ကျွန်မက အိမ်ရှင်"

ဒီဂရီ ဘောင်းဘီထဲ လက်နှိုက်၍ အရှုံးမဲ့ကို စေ့စေ့စပ်စပ် ကြည့်သည်။ ပြီးမှ ပြုံးသည် လည်း မဟုတ်ဘဲ အောက်မေးဖျား လှုပ်သည် ဆိုရုံလေး နှုတ်ခမ်းကိုမဲ့၍

"ဒီထက်ပြည့်စုံအောင် မပြောနိုင်ရင်တော့ ရုပ်ကလေး သနားကမား နဲ့ မင်း လိမ်နေတာလို့ ယူဆရမှာ ပဲ"

"ဘာ"

"ဟုတ်တယ် ဒေါ်သီရိတင်ပြောတဲ့ အထဲမှာ မည်သူတစ်ဦးတစ်ယောက်မှ မပါဘူး၊ သော့ခတ်ပိတ်ထားတဲ့ ချစ်ရိပ်မြုံအောက်ထပ်ကို အပျောက်သုံးဆယ်တင်ပြီး ငှားထားတယ်၊ နှစ်ဆယ်ရက်နေ့က စာချုပ်တယ်၊ စာချုပ်ပြီးတာနဲ့ ကြိုက်တဲ့ နေ့ကို တက်ပါလို့ ပြောထားပြီးသား၊ ပြောပါဦး.. မင်းက ဒေါ်သီရိတင်နဲ့ ဘယ်လိုပတ်သက်တာလဲ"

အရှုံးမဲ့ လက်ပိုက်ရပ်နေရာမှ လက်တွေပြုတ်ကျကာ ဆတ်ခနဲ ဖြစ်သွားသည်။

"ကျွန်မက ဒေါ်သီရိတင်ရဲ့ မြေး၊ အခု အောက်ထပ်မှာ ကျွန်မတို့ နေတာ၊ ရှင်တို့ ဘာပြောပြော လုံးဝဖယ်မပေးနိုင်ဘူး၊ ဘွားဘွားလာတဲ့ အထိ စောင့်၊ ဒါပဲ"

"ဘွားဘွားဆိုတာ ဒေါ်သီရိတင်ကို ပြောတာလား"

"ဟုတ်တယ်"

"ဒေါ်သီရိတင်က အခု ဘယ်သွားလို့ လဲ"

"ခရီးသွားနေတယ်"

ဒီဂရီ မျက်နှာတင်းသွားသည်။

"နေပါဦး၊ သူပြောတော့ ဒီအိမ်မှာ လူရှိတဲ့ အကြောင်း ဘာမှ မပါပါလား၊ မင်းတို့ အစကတည်းက ဒီမှာ ရှိနေတာလား၊ ခုရက်ပိုင်းကျမှ ရောက်နေတာလား"

အရှုံးမဲ့ သူ့အမေးကိုဖြေဖို့ မလိုဘူးထင်၍ မျက်နှာကို မော့ကာ

"အဲဒါ ရှင်နဲ့ မဆိုင်ပါဘူး၊ ကျွန်မပြောတာ ရှင်းရှင်းလေး၊ ဒီကိစ္စကို ဘွားဘွားလာမှ ရှင်းလို့ ရမှာ ၊ အဲဒီတော့ ရှင်တို့ ပြန်တော့"

"ဒီလိုလုပ်လို့ ရမလား၊ တို့ က ပျင်းလို့ အိမ်အလည်လာတာ မဟုတ်ဘူး ၊ အားလုံးရွှေ့လာတာ၊ စာချုပ်ပြီးတာတောင် ငါးရက်ရှိပြီ၊ ဒီနေ့မှ သေချာစီစဉ်ပြီးရွှေ့ရတာ"

"နေပါဦး.. နေပါဦး၊ ကြီးကြီး ပြောပါဦးမယ်ကွယ်"

ဒေါ်သန်းသန်းက အရှုံးမဲ့နဲ့ ဒီဂရီကြားမှာ ဝင်ရပ်၍

"လူလေးတို့ ပြောတာ ဖြစ်နိုင်ပါတယ်၊ လူလေးတို့ လည်း အိမ်ငှား ထားကြတယ်၊ ဒီက သမီးကလည်း သူ့ဘွားဘွားအိမ်ပဲဆိုပြီး မနေ့တစ်နေ့ကမှ အလည်ရောက်လာတာပါ"

"ဒါဆို ပြီးတာပဲ၊ အခု ကျွန်တော်တို့ ငှားလိုက်ပြီ၊ သူ ပြန်ပေါ့"

"ဘာလို့ ပြန်ရမှာ လဲ"

"နေပါဦး သမီးရယ်၊ ကြီးသန်း ပြောပါ့မယ်"

အရှုံးမဲ့ကလည်း အရှုံးမဲ့ပဲဖြစ်သည် ။

သူမကတော့ ဘယ်တော့မှ အရှုံးပေးမှာ မဟုတ်ပေ။

တစ်ဦးတည်းသော သမီး။ တစ်ဦးတည်းသော မြေး။

အားလုံးက အလိုလိုက် ယုယထားခဲ့ကြတာ။

ထို့ကြောင့် အရှုံးမဲ့အကြောင်းကိုသိကာ ဒေါ်သန်းသန်း ကြားဝင်ရခြင်း ဖြစ်လေသည် ။

"ဒီလိုလုပ်ပါလား လူလေးရယ်၊ အခု မမကြီးလည်း မရှိဘူးဆိုတော့ နှစ်ယောက်လုံး အဆင်ပြေအောင် လူလေးတို့ အပေါ်ထပ်မှာ ခဏနေလိုက်ပါလား"

"ကျွန်တော်တို့ အပေါ်ထပ်ကို ငှားတာမှ မဟုတ်တာ၊ ပြီးတော့ ပြောင်းရွှေ့ဖို့ ကိစ္စထဲမှာ ဒေါ်သီရိတင်ရှိတဲ့ မရှိတဲ့ အကြောင်း ဘာမှ မပါဘူး၊ ပြဿနာပဲကွာ၊ လူမရှိ သူမရှိနေချင်လို့ အလွှာတွေ မယူခဲ့တာကို ဒီရောက်မှ ပိုရှုပ်နေတယ်"

"ဒီကလည်း ရှင်းချင်လို့ ဒီကိုလာနေတာပဲ၊ ဘွားဘွားတို့ က ဘာလုပ်လိုက်မှန်းမသိဘူး"

"အရှုံးမဲ့ရယ်၊ ဒီလို သူမလျှော့ ကိုယ်မလျှော့ ဖြစ်နေကြမဲ့အစား နင့်ဘွားဘွားဆီကို ဖုန်းဆက်ကြည့်ပါလား၊ ဘယ်မှာ လဲ နင်မသိဘူးလား"

"ဟုတ်သားပဲ သမီးရယ် မမကြီးရှိတဲ့ နေရာကို သမီးသိတာပဲ၊ ဖုန်းဆက်ကြည့်ရအောင်နော်"

"ဟင့်အင်း.. မဆက်ဘူး၊ ဖယ်လည်း မပေးနိုင်ဘူး"

အရှုံးမဲ့ ဒေါသဖြစ်နေတာရော၊ ဘွားဘွားတို့ လုပ်ချလိုက်ပုံကိုတွေး၍ ဝမ်းနည်းတာရော နှုတ်ခမ်းတင်းတင်းစေ့ထားသော်လည်း မျက်ဝန်းမှာ မျက်ရည်တွေ လည်လာသည် ။

ဒီကိစ္စဟာ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်သာဖယ်ပေးရတော့မည်ဖြစ်သည် ။ အရှုံးမဲ့ အရှုံးမပေးနိုင်ပါ။

ဘယ်တော့မှ မရှုံးခဲ့တဲ့ ရာဇဝင်မှာ အရှုံးကို မုန်းသည် ။

ဒီလိုအိမ်ငှားတော့မယ်ဆိုရင် ဘွားဘွား သူမကို ဘာဖြစ်လို့ မပြောခဲ့ဘဲ နေခွင့်ပေးခဲ့တာလဲ။

စကားနည်း၍ စေ့စပ်သေချာမြဲရှိခဲ့သည့် ဘွားဘွားဟာ အလုပ်တစ်ခုကို အဓိပ္ပာယ်မဲ့ မလုပ်တတ်ခဲ့ဘူးပေ။

ဒါဆို အခု ရင်ဆိုင်ဖြစ်ရအောင် ဘွားဘွား ဘယ်လိုလုပ်လိုက်တာလဲ ။

"သမီးရေ… မမကြီးက သမီးနဲ့ စကားပြောမယ်တဲ့ "

အိမ်ထဲကိုဝင်ပြီး ကြီးသန်းဖုန်းဆက်နေတာကို အရှုံးမဲ့မသိ။ နောက်ကို ဆတ်ခနဲ လှည့်ကြည့်ကာ…

"ဘာလဲ အရှုံးမဲ့မပြောဘူး ကြီးသန်း၊ ဘွားဘွားကို ပြောပေး၊ အရှုံးမဲ့ ဒီမှာ ပဲနေမယ်လို့ "

"သမီးရယ်… ဘွားဘွားစောင့်နေတယ်၊ ခဏလေးဖြစ်ဖြစ် လာပြောလိုက်ပါ၊ သမီးဖြစ်ချင်တာကို ပြောပေ့ါ"

"ဟုတ်သားပဲ အရှုံးမဲ့ရယ်၊ ခဏလေး သွားပြောလိုက်ပါ"

အရှုံးမဲ့ ဒီဂရီမျက်နှာကို တူးတူးခါးခါး စိုက်ကြည့်၍ ချာခနဲ လှည့်ဝင်လာခဲ့သည် ။

"ဘွားဘွား"

"မြေးလေး… အဲဒါ ဘွားဘွား တမင်စီစဉ်လိုက်တာ၊ မြေးလေး လာနေမယ်ပြောတော့ သူတို့ နဲ့ က ပြောပြီးဆိုပြီးသားလေ၊ မောင်ဆတ်နိုင်ဆိုတဲ့ ကောင်လေးက သမီးဘိုးဘိုးရဲ့ မိတ်ဆွေတစ်ယောက်ရဲ့ သား၊ စိတ်ချရတဲ့ လူတွေမို့လို့ မြေးလေးတို့ လည်း အဖော်ရအောင် လက်ခံလိုက်တာ"

"အဖော်ဘာလုပ်ဖို့ လဲ ဘွားဘွား၊ အရှုံးမဲ့ တမင်အေးအေးနေချင်လို့

ဒီမှာ နေတဲ့ ဥစ္စာ၊ အခု ရန်ဖြစ်နေရပြီ၊ အဲဒါ ဘယ်လိုလုပ်မလဲ"

အရှုံးမဲ့ အကျယ်ကြီး ဆောင့်အောင့်ပြောနေသဖြင့် အားလုံးအတိုင်းသား ကြားနေရသည် ။

"ဘွားဘွားကလည်း မြေးလေးကို ပထွေးနဲ့ မနေစေချင်လို့ အဲဒီမှာ စိတ်ချလက်ချ နေနိုင်အောင် စီစဉ်ပေးတာပဲ၊ ကောင်လေးတွေက မိကောင်း ဖခင် သားသမီးလေးတွေ၊ ပညာတတ်လေးတွေပါ၊ မြေး ဘာမှ ရန်ဖြစ်ဖို့ မလိုဘူး"

"ရန်ဖြစ်မှာ ပေါ့၊ ဘွားဘွားက သူတို့ ကို အောက်ထပ်ကို ငှားထားတာဆို"

"ဟုတ်တယ်၊ မြေးကို အဲဒီမှာ မထားခဲ့တာ၊ ဘွားဘွားမှားသွားတယ်၊ ဘာပဲဖြစ်ဖြစ် မြေးက အိမ်ရှင်ပဲကွယ်၊ အပေါ်ထပ်ကို ရွှေ့ပေးလိုက်ပါ"

"မရွှေ့ပေးနိုင်ဘူး ဘွားဘွား၊ သူကလည်း သူငှားထားတာပဲဆိုပြီး မာနကြီးနိုင်တယ်၊ အရှုံးမဲ့ကလည်း ကိုယ့်အဘွားအိမ်ပဲ၊ လုံးဝ အလျှော့မပေးနိုင်ဘူး"

"အို… မြေးရယ်၊ ဘွားဘွားက စာချုပ်စာတမ်းနဲ့ လုပ်ထားတာကို"

"အဲဒီငွေ သူတို့ ကို အရှုံးမဲ့ ပြန်အမ်းလိုက်မယ်"

"အမလေး.. လွယ်လိုက်ပါဘိ"

ဖုန်းထဲမှာ ဘွားဘွားကိုယ်ကြီး ဆတ်ခနဲဖြစ်သွားတာကိုပဲ မြင်လိုက်ရသလို အသံကြီးက ပျာပျာသလဲ…

"ဘွား ငွေပိုလိုချင်လို့ ထားတာ မဟုတ်ဘူး မြေး၊ သူတို့ ကလည်း ဘယ်မှ ငှားမရလို့ ရှိခိုးဦးတင်နဲ့ တောင်းပန်နေတာ မဟုတ်ဘူး ၊ စာချုပ်စာ

တမ်းနဲ့ လုပ်ပြီးတဲ့ ကိစ္စကို မြေး ကန့်လန့်မလုပ်ပါနဲ့ ကွယ်"

"ဟင့်အင်း... အရှုံးမဲ့ ဘယ်လိုမှ အရှုံးမပေးနိုင်ဘူး၊ လှမ်းထားပြီးတဲ့ ခြေလှမ်းကို လုံးဝနောက်မဆုတ်ဘူးနော်၊ ဘွား မြန်မြန်ပြန် လာပြီး သူ တို့ ကို အဆင်ပြေအောင်လုပ်ပေး ဒါပဲ"

"မြေး..."

"ဟင့်အင်း..."

အရှုံးမဲ့ ဖုန်းကို ဖွတ်ချလိုက်၏။ ဖုန်းက ချက်ချင်းပြန်လာသည် ။

အရှုံးမဲ့ ဖုန်းကို စေ့စေ့ကြည့်၍ ဆတ်ခနဲ လှည့်ထွက်သွားသည် ။

အခန်းထဲဝင်ကာ တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်ပစ်လိုက်၏။ တံခါးဝ မှာ ဆက်ပိုင်နဲ့ ဒီဂရီ...

ပစ္စည်းတွေချကာ ကားလေးကို ပြန်လွှတ်လိုက်ပြီ ဖြစ်၏။ ဧည့်ခန်း ထဲ ပြန်ဝင်လာကြရင်း သစ္စာတို့ နှစ်ယောက် ဘယ်သူ့ဘက်က ဘာဝင်ပြောရမှန်းမသိ။

ဒေါ်သန်းသန်း ဖုန်းပြေးကိုင်လေသည် ။

"မမကြီး"

"မသန်းလား... မြေးရော"

"မမကြီးရယ်... အရှုံးမဲ့က အနားမှာ မရှိတော့ဘူး"

"သြော်... ဒီကလေး ခက်ပါလား၊ ကဲ.. အနားမှာ မောင်ဆက်နိုင်တို့ ရှိ လား"

"ရှိပါတယ် မမကြီး၊ ခေါ်ပေးရမလားဟင်"

"ခေါ်လိုက်စမ်း ခေါ်လိုက်စမ်း"

ဒေါ်သန်းသန်းက နောက်လှည့်၍ လက်ယပ်ခေါ်တော့...

ဆက်ပိုင်က ဒီဂရီလက်ကိုပါ ဆွဲ၍ အထဲဝင်လာသည်။ အိမ်ငှားတာက ဒီဂရီ..

သူက ဒီဂရီ အဆင်ပြေအောင် လိုက်နေရမှာ ဖြစ်သည်။ ထို့ကြောင့် ဖုန်းနားကို ဒီဂရီကိုပါ ခေါ်လာခြင်း ဖြစ်၏။

ဒီဂရီ့မျက်နှာ နီမြန်းနေတာကိုကြည့်ကာ ဖုန်းကိုင်လိုက်ရပေမဲ့ ဆက်ပိုင် ရင်တမမ...

"ဟလို အဘွား၊ ကျွန်တော် ဆက်နိုင်ပါခင်ဗျာ"

"မောင်ဆက်နိုင်... အဘွား တစ်ခုမေတ္တာရပ်ခံပါတယ်ကွယ်၊ သဘက်ခါ အဘွားရောက်အောင် လာခဲ့ပါ့မယ်၊ အခု ခဏလေး အပေါ်ထပ်မှ နေပေးပါ၊ အဘွားဘက်က မထင်မှတ်တဲ့ အခက်အခဲလေးတွေ ပေါ်လာလို့၊ ခဏယာယီပါပဲ"

"ခဏနော် အဘွား၊ အဲဒါက ကျွန်တော်ဆုံးဖြတ်လို့ မရလို့ "

ဆက်နိုင်က ဒီဂရီ့လက်ထဲ လှမ်းထည့်၏။ ဘာပြောမယ်ဆိုတာ သိပေမဲ့ ဒီဂရီ ဖုန်းကိုင်လိုက်ရသည်။

သူ့မျက်နှာသည် အားလုံးကိုဝေ့ကြည့်ရင်း စကားပြောရင်း တစ်စစ အရှုံးမဲ့ ထွက်သွားရာသို့ ရောက်ပြီး...

"ကောင်းပါပြီ"

ဆိုသော စကားက အံကြိတ်သံနှင့် ထွက်လာသည်။

ရင်ထဲမှာ အရှုံးမဲ့ဆိုသော မိန်းမ အနိုင်ယူသွားတာကို မရှုမလှ ခံလို

က်ရသည့္အတြက္ အသည္းတယားယား ခံရခက္လွလ်က္...

ဖုန္းခ်လိုက္သံ ႐ွပ္ခနဲ...

******